( ၁ )

# “ Forklift အရောင်းအဝယ် – နှစ်ဦးသဘောတူကတိပြုစာချုပ်”

**Brand New Mitsubishi Forklift FD30PT With Side Shift Attachment (1)Unit**

**(SO No. HTY-BSO-UNT-2024-12-M015)**

**(Sr No. )**

**Contract No. WL/MS-608/2024**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Brand New Mitsubishi Forklift FD30PT With Side Shift Attachment (1)Unit - Forklift အရောင်းအဝယ် သဘောတူစာချုပ်ပြုလုပ်ချုပ်ဆိုကြသည်မှာ–

Forklift ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on behalf of 78 Co., Ltd.)
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

Forklift ဝယ်ယူသူ ။ ။ ဦးမောင်မြင့် (ဘ) ဦးသန်းလွင်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၂/သခန(နိုင်)၀၀၀၂၂၁
ကုမ္ပဏီအမည် – **Bright Light Co.,Ltd.**
နေရပ်လိပ်စာ– အမှတ်(F–၄၄)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်းနံပါတ်– ၀၉–၅၁၄၁၇၄၄။

(Forklift ရောင်းချသူနှင့် Forklift ဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင် အသီးသီးတို့အပြင် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

**၁။** Forklift ရောင်းချသူမှပိုင်ဆိုင်သော Brand New Mitsubishi Forklift FD30PT With Side Shift Attachment (1)Unit အတွက် စုစုပေါင်းတန်ဖိုးငွေ USD- 29,500/- (USD – Twenty Nine Thousand and Five Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေ Landed Yangon (MIC Terms, Customer Will Support MIC for customer process) နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်း လာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် Forklift ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ Forklift ဝယ်ယူသူနှင့် ရောင်းချသူတို့မှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

**၂။** ဤစာချုပ်ပါ “ Forklift ” ဟူသော စကားရပ်တွင် လက်ငင်းရောင်းချသည့် မူလ Forklift နှင့် စက်အပိုပစ္စည်းများ၊ Forklift ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် Forklift ဝယ်ယူသူမှ မိမိသဘောအလျောက် Forklift ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် Forklift နှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

စာမျက်နှာ(၂)သို့

၃။ ရောင်းချသူသည် မိမိတို့ရောင်းချသော Brand New Mitsubishi Forklift FD30PT With Side Shift Attachment (1)Unit သည် အသစ်ဖြစ်ကြောင်းနှင့် ယင်း Forklift အား (၁)နှစ် (သို့မဟုတ်) အသုံးပြုနာရီ (၂,၀၀၀) စေ့ရောက် အသုံးပြုပြီးသည်အထိ အာမခံပါသည်။ စေ့ရောက်သည့်နေ့ ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ (၁)နှစ်ပြည့်မြောက်သော နေ့ (သို့မဟုတ်) အသုံးပြုနာရီ (၂,၀၀၀) ပြည့်သည့်ကာလနှစ်ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ Forklift ဝယ်ယူသူသည် မိမိဝယ်ယူသည့် Forklift ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့် အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ /မရှိ စစ်ဆေး၍ လက်ရောက် လွှဲပြောင်း ရယူမည်ဖြစ်ကြောင်း သဘောတူပါသည်။

၅။ အာမခံသည့်ကာလအတွင်း Forklift ဝယ်ယူသူ(သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက Forklift ဝယ်ယူသူက အဆိုပါပစ္စည်း၏ တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၆။ အာမခံသည့်ကာလအတွင်း Forklift ပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့် Forklift ၏ တည်ရှိရာနေရာသည် ရောင်းချသည့်ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီအလုပ်သမားများသည် စက်ကိုအခမဲ့ ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၇။ ရောင်းချလိုက်သည့် Forklift ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ (၁)လကျော်လွန်ပါကစက်ပစ္စည်းသိမ်းဆည်းခအဖြစ် နိုင်ငံခြားငွေဖြင့်ဝယ်ယူသည့် Forklift တစ်ယူနစ် အတွက် တစ်ရက်လျှင်(၂၀)ဒေါ်လာနှုန်းဖြင့်လည်းကောင်း၊ မြန်မာငွေဖြင့်ဝယ်ယူသည့် Forklift တစ်ယူနစ်အတွက် တစ်ရက်လျှင် (၁၅၀၀၀)ကျပ်နှုန်းဖြင့်လည်းကောင်း Forklift ဝယ်ယူသူမှ ပေးဆောင်ရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့် သူများသို့ Forklift ကို လွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်း လက်ခံရရှိသည့်အခါမှသာ Forklift ကို ရရှိနိုင်မည်ဖြစ်ကြောင်း Forklift ဝယ်ယူသူမှသဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၈။ Forklift ဝယ်ယူသူသည် Brand New Mitsubishi Forklift FD30PT With Side Shift Attachment (1)Unit အတွက် ပထမအကြိမ်တန်ဖိုးငွေ USD – 11,800/- (USD – Eleven Thousand and Eight Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ စာချုပ်ချုပ်ဆိုချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

၉။ Forklift ဝယ်ယူသူသည် Brand New Mitsubishi Forklift FD30PT With Side Shift Attachment (1)Unit အတွက် ကျန်ငွေ USD – 17,700/- (USD – Seventeen Thousand and Seven Hundred Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ Forklift လွှဲပြောင်းချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

(F.O.C– 3.5Ton Matador Diesel Forklift Rental Asset, Customer give Spart Part Charges & Maintenance)

<u>ရောင်းချသူ၏တာဝန်များ</u>

၁၀။ Forklift ရောင်းချသူသည် Forklift ဝယ်ယူသူထံသို့ Forklift အား ၂၀၂၅ ခုနှစ် ၊ ဧပြီလတွင် ကုမ္ပဏီ၏ပစ္စည်းထုတ်ပြေစာနှင့်တကွ Forklift နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက်လွှဲပြောင်းပေးအပ်ရာ Forklift ဝယ်ယူသူမှ လက်ခံရရှိပါသည်။

စာမျက်နှာ(၃)သို့

**၁၁။** ဤစာချုပ်နှင့် ပူးတွဲပါစာရွက်စာတမ်းအားလုံးသည် တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

**၁၂။** ဤစာချုပ်ပါစကားရပ်၊အကြောင်းအရာ၊ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက 78 Co., Ltd. အထွေထွေမန်နေဂျာ **(**General Manager**)** နှင့် Forklift ဝယ်သူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့် ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို Forklift ရောင်းချသူနှင့် Forklift ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည် သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက် ပြုခြင်း၊ မလျော်သြဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| Forklift ရောင်းချသူ | Forklift ဝယ်ယူသူ |
|---|---|
| | |
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးမောင်မြင့် (၁၂/သခန(နိုင်)၀၀၀၂၂၁) |
| (for and on behalf of 78 Co.,Ltd.) | ( Bright Light Co., Ltd. ) |

အသိသက်သေများ

| | |
|---|---|
| လက်မှတ် – | လက်မှတ် – ------------------------ |
| အမည် – ပြည့်ဖြိုးမင်း | အမည် – ------------------------ |
| နငသအမှတ် – ၁၂/ဥကတ(နိုင်)၁၈၀၄၈၇ | နငသအမှတ် – ------------------------ |
| နေရပ် – အမှတ် (၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ | နေရပ် – ------------------------ |
| – လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | – ------------------------ |

လက်မှတ် –
အမည် – ဒေါ်ခရစ်နွယ်
နငသအမှတ် – ၁၁/မပန(နိုင်)၀၆၀၁၂၃
နေရပ် – အမှတ် (၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့၊ ရန်ကုန်မြို့။